# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## အခွန်တံဆိပ်ခေါင်းဝယ်ယူမှုနှင့်စပ်လျဉ်း၍ အများပြည်သူများသိစေရန် ထပ်မံအသိပေးကြေညာခြင်း

- ❖ ပြည်တွင်းအခွန်များဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်များနှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင်လည်းကောင်း၊ နေပြည်တော်နှင့် ရန်ကုန်တံဆိပ်ခေါင်းအရောင်းကောင်တာများတွင်လည်းကောင်း၊ တံဆိပ်ခေါင်းများကို အများပြည်သူသို့ ရောင်းချပေးလျက်ရှိပါသည်။
- ❖ ယခုအခါတွင် တံဆိပ်ခေါင်းလိုအပ်သူများ အဆင်ပြေလွယ်ကူစွာ ဝယ်ယူနိုင်ရန်အတွက် ၁-၆-၂၀၁၆ ရက်မှစတင်၍ အောက်ပါမြို့နယ်အဆင့် သတ်မှတ်ချက်အတိုင်း မြို့နယ်ပေါင်း ၉၃ မြို့နယ်တွင် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူ အရေအတွက် ၂၉၈ ဦးဖြင့် ရောင်းချခွင့်ပြုခဲ့ပြီး ၃၁-၃-၂၀၁၈ ရက်နေ့တွင် မြို့နယ်ပေါင်း ၁၀၁ မြို့နယ်တွင် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချခွင့်ပြုသူ ၃၅၁ ဦးဖြင့် ရောင်းချပေးလျက်ရှိပါသည်-

| စဉ် | မြို့နယ်အဆင့် | လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူအရေအတွက် |
|---|---|---|
| (၁) | အထူး (က)အဆင့်မြို့နယ် | (၁၀) ယောက် |
| (၂) | (က) အဆင့်မြို့နယ် | (၇) ယောက် |
| (၃) | (ခ) အဆင့်မြို့နယ် | (၅) ယောက် |
| (၄) | (ဂ) အဆင့်မြို့နယ် | (၃) ယောက် |

- ❖ တံဆိပ်ခေါင်းလိုအပ်သူများအနေဖြင့် လိုင်စင်ရတံဆိပ်ခေါင်းရောင်းချသူများထံတွင်လည်း အောက်ဖော်ပြပါ ရုံးခွန်တံဆိပ်ခေါင်းနှင့် အခွန်တံဆိပ်ခေါင်းအမျိုးအစားများကို မူရင်းတန်ဖိုးအတိုင်း ဝယ်ယူနိုင်ပါကြောင်း အသိပေးအပ်ပါသည် -

  (၁) ရုံးခွန်နှိပ် တံဆိပ်ခေါင်းမျိုးစိတ်အတွက် တန်ဖိုး ၁၀၀ ကျပ်တန်မှ ၁၀၀၀ ကျပ်တန်အထိ

  (၂) ရုံးခွန်ကပ် တံဆိပ်ခေါင်းမျိုးစိတ်အတွက် တန်ဖိုး ၂၅ ကျပ်တန်မှ ၁၀၀၀ ကျပ်တန်အထိ

  (၃) အခွန်နှိပ် တံဆိပ်ခေါင်းမျိုးစိတ်အတွက် တန်ဖိုး ၁၀၀ ကျပ်တန်မှ ၁၀၀၀ ကျပ်တန်အထိ

  (၄) အခွန်ကပ်တံဆိပ်ခေါင်းအတွက် တန်ဖိုး ၅ ကျပ်တန်၊

- အိမ်၊ ခြံ၊ မြေ တိုက်ခန်းဝယ်ယူရောင်းချခြင်းလုပ်ငန်းကိစ္စရပ်အတွက်လိုအပ်သည့် တံဆိပ်ခေါင်းများအား ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့၏ တန်ဖိုးသတ်မှတ်မှုအပေါ် ဝင်ငွေရလမ်းစိစစ်မှုပြီးမှသာ လိုအပ်သည့်တံဆိပ်ခေါင်းများအား အမြန်ဆုံးရောင်းချပေးလျက်ရှိပါသည်။
- တံဆိပ်ခေါင်းဝယ်ယူရန် အခက်အခဲဖြစ်ပါက တိုင်းဒေသကြီး/ပြည်နယ် အခွန်ဦးစီးဌာနမှူးရုံးများနှင့် ရုံးချုပ်၊ စီမံရေးရာဌာနခွဲ ဖုန်း ၀၆၇-၄၃၀၄၀၇ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန